## သွားကျန်းမာရေးစောင့်ရှောက်မှု အကြောင်း သင်သိသင့်သည့်အရာများ

အသက် 12 လနှင့် အထက်ရှိသူတိုင်း ခြောက်လတစ်ကြိမ် သွားကျန်းမာရေး စမ်းသပ်စစ်ဆေးမှုပြုလုပ်ရန် တိုက်တွန်းပါသည်။ သို့သော်လည်း အချို့လူများတွင် သွားကျန်းမာရေး စမ်းသပ်စစ်ဆေးမှု သို့မဟုတ် ဝန်ဆောင်မှုများကို မကြာခဏဆိုသလို ပြုလုပ်ရန် လိုအပ်ပါသည်။ သွားဆေးခန်းကို ဘယ်နှစ်ကြိမ် သွားရမလဲ ဆိုသည်မှာ သင်၏ ယခင်ဖြစ်ခဲ့ဖူးသော သွားပြဿနာနှင့် x-rays ဓါတ်မှန်အဖြေများနှင့် စမ်းသပ်တွေ့ရှိချက်များပေါ် မူတည်ပါသည်။

- ကလေးတစ်ဦး သွားဆေးခန်းပြရာတွင် ပထမဆုံးအကြိမ်အဖြစ် ပထမဆုံးသွားပေါက်ပြီးနောက် ပြသင့်ပြီး၊ တစ်နှစ်ပြည့်မွေးနေ့ထက် နောက်မကျသင့်ပါ။
- သွားပိုးစားခြင်းသည် အမေရိကားရှိ နို့စို့အရွယ်ကလေးများ၊ ကလေးငယ်များနှင့် ဆယ်ကျော်သက်များတွင် အဖြစ်အများဆုံး ကျန်းမာရေးပြဿနာများအနက် တစ်ခုဖြစ်ပါသည်။
- သွားပိုးပေါက်များသည် အရွယ်မရွေးတွင် ဖြစ်နိုင်သော်လည်း၊ အထူးသဖြင့် ကလေးငယ်များနှင့် ဆယ်ကျော်သက်များတွင် ပို အဖြစ်များပါသည်။
- သကြားများစွာပါဝင်သော စားစရာများနှင့် အချိုရည်များ စားသောက်ခြင်းသည် သွားပိုးစားခြင်းကို ပိုဆိုးစေနိုင်ပါသည်။

**လူကြီးများတွင် သွားရောဂါများကို မကုသဘဲထားပါက အောက်ပါ ဆိုးရွားသည့် ကျန်းမာရေးပြဿနာများကို ဖြစ်ပွားစေနိုင်ပါသည်-**

- သွားဆုံးရှုံးခြင်း၊
- အစာစားလျှင် ပြဿနာရှိခြင်း၊
- ပြည်တည်နာများ (ခံတွင်းအနာများ)၊
- ဦးခေါင်းနှင့် လည်ပင်းတဝိုက်သို့ ပျံ့နှံ့နိုင်သော ရောဂါပိုးဝင်ခြင်း၊
- အလွန်ဖြစ်တောင့်ဖြစ်ခဲ အခြေအနေများတွင် အသက်အန္တရာယ် ရှိနိုင်ပါသည်။

**ကျွန်ုပ်တို့နှင့် ဆက်သွယ်ပါ။**

## ကိုယ်ဝန်ဆောင်နှင့် သွားခံတွင်း ကျန်းမာရေး-

- သင်ကိုယ်ဝန်ဆောင်ထားစဉ် သွားဆရာဝန်ပြခြင်းသည် အန္တရာယ်ကင်းပါသည်။
- သွားဖုံးရောဂါကို ကုသမှုမခံယူထားပါက ယင်းသည် လမစေ့မီ (အစောပိုင်း) မီးဖွားခြင်းများနှင့် ဆက်စပ်မှုရှိနိုင်သည်။
- ခံတွင်းသန့်ရှင်းမှု ကောင်းမွန်ပါက ကိုယ်ဝန်ဆောင်စဉ် တစ်ခါတစ်ရံ ဖြစ်တတ်သော အပျော့စား သွားဖုံးရောဂါတစ်မျိုး ဖြစ်သည့် သွားဖုံးရောင်နာ (gingivitis) မဖြစ်ပွားအောင် ကာကွယ်ပေးပါသည်။
- ကိုယ်ဝန်ဆောင်စတွင် နံနက်ခင်း၌ ခံစားရလေ့ရှိသော မအီမသာ ပျို့ခြင်း သို့မဟုတ် အန်ခြင်းကြောင့် ဖြစ်လာသော အစာအိမ် အက်စစ်ဓါတ်များသည် သွားပိုးစားခြင်းကို ဖြစ်စေနိုင်ပါသည်။

## ဆက်သွယ်ရန် အချက်အလက်

MDwise သည် သွားကျန်းမာရေး ဝန်ဆောင်မှုများပေးရန် DentaQuest ဟုခေါ်သော ကုမ္ပဏီတစ်ခုကို အသုံးပြုပါသည်။ သွားကျန်းမာရေး ဝန်ဆောင်မှုများနှင့် ဆိုင်သော မေးခွန်းများ၊ သွားဆရာဝန်ရှာခြင်း၊ အကျိုးခံစားခွင့်များ သို့မဟုတ် အခြားမေးခွန်းများ မေးရန် DentaQuest အဝေးပြောခပေးရန် မလိုသော toll-free 844-231-8310 သို့ ခေါ်ဆိုနိုင်ပါသည်။ အချိန်များမှာ တနင်္လာနေ့မှ သောကြာနေ့ အထိ နံနက် 8:00 နာရီမှ ညနေ 8:00 နာရီအထိ ဖြစ်ပါသည်။ **TTY/TDD အသုံးပြုသူများမှာ 1-800-743-3333 သို့ ခေါ်ဆိုသင့်သည်**။

- သွားဆရာဝန်တစ်ဦးကို ရှာရန်- MDwise.org/FindADentist သို့ သွားပါ။
- သင်၏ သွားကျန်းမာရေး အကျိုးခံစားခွင့်များအကြောင်း သေးစိတ်သိရှိရန်အတွက် အသင်းဝင်လက်စွဲစာအုပ်ကို MDwise.org တွင် ကြည့်ရှုပါ။

MDwise
A McLaren Company

# သွားကျန်းမာရေး ဝန်ဆောင်မှုများ

Hoosier Healthwise &
Healthy Indiana Plan (HIP) အသင်းဝင်များအတွက်

Hoosier Healthwise
Support & Services for Pregnant Women, Babies, Children & Teens

HIP
HEALTHY INDIANA PLAN



## Hoosier Healthwise အကျိုးခံစားခွင့်များ

- 6 လ တစ်ကြိမ် ခံတွင်းကျန်းမာရေး စမ်းသပ်စစ်ဆေးမှုများ (လူကြီးများအတွက် နှစ်စဉ် တစ်ကြိမ်)။
- 6 လ တစ်ကြိမ် သွားသန့်စင်ခြင်းများ (လူကြီးများအတွက် နှစ်စဉ် တစ်ကြိမ်)။
- 12 လ တစ်ကြိမ် X-rays ဓါတ်မှန်ရိုက်ခြင်းများ။
- သွားဖာခြင်းများ။
- သွားတုတပ်ခြင်းများနှင့် သွားအမြစ်ဖယ်သတ်ခြင်းများ။
- အထူး စောင့်ရှောက်မှု။
- သွားနှုတ်ခြင်း။
- အံကပ်တစ်စိတ်တစ်ပိုင်း၊ အံကပ်အပြည့် ပြုလုပ်ခြင်းနှင့် ပြုပြင်ခြင်းများ။
- စိတ်ငြိမ်ဆေး ရနိုင်ပါသည်။
- ပူးတွဲပေးချေမှုများ မရပါ။
- ပို့ဆောင်သွားလာရေး စီစဉ်ထားသည်။
- သွားစမ်းသပ်စစ်ဆေးမှုအတွက် MDwiseREWARDS (အမ်ဒီဝိုက်စ်ဆုလာဘ်များ) အမှတ်များကို ရယူပါ။ ပိုမိုသိလိုပါက Mdwise.org/MDwiseREWARDS တွင် ဖတ်ရှုပါ။

**Hoosier Healthwise နှင့် HIP ရှိ ကိုယ်ဝန်ဆောင် အသင်းဝင်များ** သည် HIP State Plan Plus (ပြည်နယ်အစီအစဉ်ထပ်ဆောင်း) အောက်တွင် ဖော်ပြထားသည့် တူညီသော အကျိုးခံစားခွင့်များကို ရရှိသည်။

## HIP Plus (ထပ်ဆောင်း) အကျိုးခံစားခွင့်များ

- အကျိုးခံစားခွင့်တစ်နှစ်တွင် လူတစ်ဦးလျှင် အကဲဖြတ်ခြင်းနှင့် သွားသန့်စင်ခြင်း နှစ်ခေါက်။
- အရေးပေါ် ခံတွင်းစစ်ဆေးခြင်းများ။
- 12 လ တစ်ကြိမ် X-rays ဓါတ်မှန်ရိုက်ခြင်းများ။
- 12 လလျှင် သွားလေးချောင်းအထိ နှုတ်ခြင်း သို့မဟုတ် ဖာခြင်းများ။
- တစ်နှစ်လျှင် သွားတုတစ်ချောင်း စိုက်ခြင်း။
- ပူးတွဲပေးချေမှုများ မရပါ။

## HIP Basic (အခြေခံ) အကျိုးခံစားခွင့်များ

HIP Basic သည် အသက် 19 နှင့် 20 နှစ်များကိုသာလျှင် သွားကျန်းမာရေး စောင့်ရှောက်မှု ပေးပါသည်။

- 6 လ တစ်ကြိမ် ခံတွင်း စမ်းသပ်စစ်ဆေးခြင်းနှင့် သွားသန့်စင်ခြင်း။
- 12 လ တစ်ကြိမ် X-rays ဓါတ်မှန်ရိုက်ခြင်းများ။
- သွားစမ်းသပ်စစ်ဆေးမှုအတွက် MDwiseREWARDS အမှတ်များကို ရယူပါ။ ပိုမိုသိလိုပါက MDwise.org/MDwiseREWARDS တွင် ဖတ်ရှုပါ။

**HIP Basic သည် အသင်းဝင်အားလုံးအတွက် အရေးပေါ် သွားဘက်ဆိုင်ရာ စောင့်ရှောက်မှုကို ပေးပါသည်။**

- အရေးပေါ် ခံတွင်းစစ်ဆေးခြင်းများ။ ကြိုတင်ကာကွယ်မှုမဟုတ်သော မည်သည့်အရာတွင်မဆို ပူးတွဲပေးချေမှု $4 ပါဝင်သည်။

## HIP State Plan Basic (HIP ပြည်နယ်အစီအစဉ်အခြေခံ), HIP သားဖွားခြင်း & HIP State Plan Plus (ပြည်နယ်အစီအစဉ်ထပ်ဆောင်း) အကျိုးခံစားခွင့်များ

- 21 နှစ်အောက် အသင်းဝင်များအတွက် 6 လတစ်ကြိမ် ခံတွင်း စစ်ဆေးခြင်းနှင့် သွားသန့်စင်ခြင်း။
- 21 နှစ်နှင့်အထက် အသင်းဝင်များအတွက် 12 လတစ်ကြိမ် ခံတွင်း စစ်ဆေးခြင်းနှင့် သွားသန့်စင်ခြင်း။
- သုံးနှစ်တစ်ကြိမ် အပြည့်အစုံ ဓာတ်မှန်ရိုက်ခြင်း၊ ကိုက်ရာမျက်နှာပြင်များကို 12 လတစ်ကြိမ် ဓာတ်မှန်ရိုက်ခြင်း။
- သွားဖာခြင်းများ။
- သွားတုတပ်ခြင်းများနှင့် သွားအမြစ်ဖယ်သတ်ခြင်းများ။
- အထူး စောင့်ရှောက်မှု။
- သွားနှုတ်ခြင်း။
- အံကပ်တစ်စိတ်တစ်ပိုင်း၊ အံကပ်အပြည့် ပြုလုပ်ခြင်းနှင့် ပြုပြင်ခြင်းများ။
- စိတ်ငြိမ်ဆေး ရနိုင်ပါသည်။
- State Plan Basic (ပြည်နယ်အစီအစဉ်အခြေခံ)အတွက် $4 ပူးတွဲပေးချေမှု။
- ပို့ဆောင်သွားလာရေး စီစဉ်ထားသည်။
- သွားစမ်းသပ်စစ်ဆေးမှုအတွက် MDwiseREWARDS အမှတ်များကို ရယူပါ။ ပိုမိုသိလိုပါက MDwise.org/MDwiseREWARDS တွင် ဖတ်ရှုပါ။

